# မြန်မာနိုင်ငံမှ အကျပ်အတည်း
# အပြည်ပြည်ဆိုင်ရာ တာဝန်ယူမှု၊ တာဝန်ခံမှု လုပ်ထုံးလုပ်နည်းယန္တရားများ

ရှေ့ပြေးအသံအဖွဲ့
စက်တင်ဘာလ ၂၀၁၈

မြန်မာနိုင်ငံရှိ လက်ရှိအကျပ်အတည်းက ညွှန်းပြနေသည်မှာ မြန်မာစစ်တပ်အနေဖြင့် ရခိုင်၊ ကချင်နှင့် ရှမ်းပြည်နယ်များတွင်သာမက မြန်မာနိုင်ငံတစ်ဝှမ်းရှိ အခြားတိုင်းရင်းသားဒေသများ၌လည်း နိုင်ငံတကာ လူသားချင်း စာနာမှုဆိုင်ရာဥပဒေနှင့် လူ့အခွင့်အရေးဥပဒေများကို ကျယ်ကျယ်ပြန့်ပြန့် ချိုးဖောက် အလွဲသုံးစား ပြုနေခြင်းပင်ဖြစ်သည်။ ထိုနေရာများ၌ ဖြစ်ပွားခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများသည် "နိုင်ငံတကာ ဥပဒေအောက်တွင် ကြီးလေးသော ရာဇဝတ်မှုများဖြစ်ကြောင်း"[1] ကုလသမဂ္ဂမှ လုပ်ပိုင်ခွင့်ပေးထားသည့် လွတ်လပ်သော နိုင်ငံတကာအချက်အလက်ရှာဖွေရေးမစ်ရှင် (Independent International Fact-Finding Mission on Myanmar - FFM) ၏ အစီရင်ခံစာတွင် ဖော်ပြကာ ယင်းအချက်ကို အတည်ပြုခဲ့သည်။ မြန်မာစစ်တပ်၏ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်တကွ အခြားထိပ်ပိုင်းဗိုလ်ချုပ် ငါးဦးတို့အား ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော လူမျိုးတုံးသတ်ဖြတ်မှုနှင့် ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် ဖြစ်ပွားခဲ့သော လူသားမျိုးနွယ်စုအားဆန့်ကျင်သည့်ရာဇ၀တ်မှုများနှင့် စစ်ရာဇ၀တ်မှုများ အတွက် စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ကာ တရားစွဲဆို အရေးယူရန် အစီရင်ခံစာမှ အကြံပြုတိုက်တွန်း ထားပါသည်။ လူသားမျိုးနွယ်စုအားဆန့်ကျင်သည့် ရာဇ၀တ်မှုကြောင့်သော ရိုဟင်ဂျာ ၇၀၀,၀၀၀ ကျော်အား မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နေရပ်စွန့်ခွာထွက်ပြေးစေရအောင် မောင်းထုတ်မှုအတွက် စီရင်ပိုင်ခွင့်အား ကျင့်သုံးမည်ဟု အပြည်ပြည်ဆိုင်ရာ ရာဇ၀တ်တရားရုံး (International Criminal Court – ICC) ၏ တရားစီရင်မှုမတိုင်မီ အကြိုပြင်ဆင်ရေးဌာန (Pre-Trial Chamber) မှ ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ဆုံးဖြတ်ချက် ချခဲ့ပါသည်။[2]

ယခုစာတမ်းသည် မြန်မာနိုင်ငံ၏အခြေအနေကို ဖြေရှင်းပေးနိုင်ဖွယ်ရာ တာဝန်ယူမှု တာဝန်ခံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းယန္တရား အမျိုးမျိုးကို တင်ပြထားပါသည်။ အနာဂတ် တာဝန်ယူမှုတာဝန်ခံမှု ဖြစ်စဉ်များနှင့်

---

[1] "Myanmar: Tatamdaw Leaders must be investigated for genocide, crimes against humanity, war crimes – UN Report," *Office of the United Nations High Commissioner for Human Rights,* 27 August, 2018. https://www.ohchr.org/EN/NewsEvents/Pages/DisplayNews.aspx?NewsID=23475&LangID=E

[2] Toby Sterling, "International Criminal Court says it has jurisdiction over alleged crimes against Rohingya," *Reuters,* 6 September, 2018. https://www.reuters.com/article/us-myanmar-rohingya-icc/international-criminal-court-says-it-has-jurisdiction-over-alleged-crimes-against-rohingya-idUSKCN1LM23H

ပတ်သက်၍ အကြံပြုတိုက်တွန်းချက်များပေးအပ်ရန် တာဝန်ပေးထားသော ယန္တရားများမှတစ်ဆင့် ကုလသမဂ္ဂတွင် စုဆောင်းထားသော သက်သေအထောက်အထားများအပေါ် ခြုံငုံသုံးသပ်ချက်ဖြင့် ဤစာတမ်းကို အစပျိုးမည်ဖြစ်ပါသည်။ ထိုမှတစ်ဆင့် စစ်ရာဇဝတ်သားများအား အရေးယူနိုင်ရန်အလို့ငှာ ရေတိုအတွက်ဖြစ်စေ၊ ရေရှည်အတွက်ဖြစ်စေ အသုံးပြုရန် ဖြစ်နိုင်ခြေအများဆုံးဖြစ်သည့် အပြည်ပြည်ဆိုင်ရာ လုပ်ထုံးလုပ်နည်းယန္တရားများကို ဆက်လက်မိတ်ဆက်ပေးသွားပါမည်။ ထို့အပြင် လုပ်ဆောင်ခဲ့ပြီးသော အရေးယူဆောင်ရွက်မှုများနှင့်ပတ်သက်ပြီး ဖတ်ရှုသူ နားလည်လွယ်မည့် လျပ်တပျက်မြင်ကွင်း၊ နှင့် အနာဂတ်ဖြစ်နိုင်ခြေများအတွက် နောက်ခံအခြေအနေနှင့် သော့ချက်ကျသည့် မှတ်သားစရာများကို ပေးဝေနိုင်လိမ့်မည်ဟု ဤစာတမ်းမှမျှော်လင့်ထားပါသည်။

အခွင့်အရေးအခြေခံသည့် အရပ်ဘက်လူထုအဖွဲ့အစည်းများအနေဖြင့် ICC မှတစ်ဆင့်သာလျှင် တာဝန်ယူမှုတာဝန်ခံမှုကို ရရှိနိုင်မည်ဟု ယုံကြည်ကာ ၎င်းတို့၏ထောက်ခံမှုကို ဖော်ပြခဲ့ကြပါသည်။[3] ICC အနေဖြင့် ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ "နေရပ်စွန့်ခွာထွက်ပြေးစေရအောင် မောင်းထုတ်ခြင်း" ဟူသော ရာဇဝတ်မှုအပေါ်တွင် တရားစီရင်ပိုင်ခွင့်ရှိသည်ကို တွေ့ရှိပြီးဖြစ်သဖြင့် ကျူးလွန်ခံရသူအုပ်စုများနှင့် နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်း (International Non-Government Organization – INGO) များမှ သက်သေအထောက်အထားများ စံနစ်တကျစုဆောင်းပံ့ပိုးပေးနိုင်ရေး သေချာစေရန်အတွက် ICC နှင့် တက်ကြွစွာ ထိတွေ့ဆက်ဆံမှုများလုပ်ဆောင်ရန် လွန်စွာအရေးကြီးလှပါသည်။ ရေတိုကာလတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းများ၌ နေထိုင်နေကြသော ကျူးလွန်ခံရသူများနှင့် လူ့အခွင့်အရေး အဖွဲ့အစည်းများက သက်သေအထောက်အထားများကို နိုင်ငံတကာစံနှုန်းများနှင့်အညီ စုဆောင်း၊ ထိန်းသိမ်း၍ စံနစ်တကျ ထားသိုမှတ်တမ်းပြုထားရန်မှာလည်း အလားတူအရေးကြီးပါသည်။[4]

## <u>သက်သေအထောက်အထားစုဆောင်းခြင်းနှင့် တာဝန်ယူမှု၊ တာဝန်ခံမှု လုပ်ထုံးလုပ်နည်းယန္တရားများ</u>

မြန်မာနိုင်ငံတွင် ကျူးလွန်သောစစ်ရာဇဝတ်မှုများနှင့် အခြားသောနိုင်ငံတကာရာဇဝတ်မှုများအပေါ် သက်သေအထောက်အထားစုစည်းရန် နိုင်ငံတကာ၏ကြိုးပမ်းအားထုတ်မှု တချို့ရှိနေခဲ့ပါသည်။ ရာဇဝတ်မှုများ၏ ကျယ်ပြန့်မှုနှင့် နယ်ပယ်အတိုင်းအတာက ရာဇဝတ်မှုဆိုင်ရာ တာဝန်ယူမှု၊ တာဝန်ခံမှုပုံစံတချို့ပြုလုပ်ရန်အတွက် လိုအပ်ချက်ကို ဖြစ်ပေါ်စေသည်။ ကုလသမဂ္ဂမှ လုပ်ပိုင်ခွင့်ပေးထားသည့် လွတ်လပ်သော နိုင်ငံတကာအချက်အလက်ရှာဖွေရေးမစ်ရှင် (Independent International Fact-Finding Mission on Myanmar - FFM)၊ သမာသမတ်ကျ၍ လွတ်လပ်သော နိုင်ငံတကာယန္တရား (International, Impartial and Independent Mechanism – IIIM)၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ

---

[3] See "Joint Statement: The UN Must Establish a Mechanism Towards Accountability for Gross and Systematic Human Rights Violations in Myanmar," *By Myanmar Civil Society Organizations.* 28 June, 2018. https://progressivevoicemyanmar.org/wp-content/uploads/2018/06/HRC38-Myanmar-PR-28-6-2017.pdf "Rohingya Organizations Worldwide Call for Accountability for Genocide and Crimes Against Humanity in Myanmar,"*By 26 Rohingya Organizations.* 19 July, 2018. https://progressivevoicemyanmar.org/2018/07/19/rohingya-organizations-worldwide-call-for-accountability-for-genocide-and-crimes-against-humanity-in-myanmar/ and "UN Security Council Members Must Refer Burma to the International Criminal Court," *By Karen Communities Worldwide.* 30 July, 2018. https://progressivevoicemyanmar.org/2018/07/30/un-security-council-members-must-refer-burma-to-the-international-criminal-court/

[4] "Basic Investigative Standards for First Responders to International Crimes," By *Global Rights Compliance.* July 2016. http://www.globalrightscompliance.com/uploads/a6dc7697658cbdfbce35ebfed31f5508.pdf

ကုလသမဂ္ဂအထူးကိုယ်စားလှယ် Ms. Yanghee Lee အဆိုပြုထားသည့် မြန်မာနိုင်ငံအတွက် တာဝန်ယူမှု တာဝန်ခံမှုဆိုင်ရာယန္တရား (Accountability Mechanism for Myanmar)၊ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး (International Criminal Court - ICC)၊ အထူးသီးသန့်ဖွဲ့စည်းသော အပြည်ပြည်ဆိုင်ရာခုံရုံး (Ad hoc International Tribunal)၊ အပြည်ပြည်ဆိုင်ရာစီရင်ပိုင်ခွင့် (Universal Jurisdiction) နှင့် တရားမျှတမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာတရားရုံး (International Court of Justice – ICJ) တို့အပါအဝင် တည်ရှိနေပြီးသော သို့မဟုတ် နိုင်ငံရေးစိတ်ဆန္ဒနှင့်အတူ တည်ရှိလာနိုင်သော နိုင်ငံတကာတာဝန်ယူမှု၊ တာဝန်ခံမှု လုပ်ထုံးလုပ်နည်းယန္တရားများ၏ လုပ်ပိုင်ခွင့်ကို စစ်ဆေးခြင်း၊ အချက်အလက်များ စုဆောင်းမှုအမျိုးမျိုး၏ ကောင်းကျိုး ဆိုးကျိုးတို့ကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

## (i) *လွတ်လပ်သော နိုင်ငံတကာအချက်အလက်ရှာဖွေရေးမစ်ရှင် (Independent International Fact-Finding Mission on Myanmar – FFM)*

မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်မှစ၍ ဖြစ်ပွားခဲ့သော အထူးသဖြင့် ရခိုင်၊ ကချင်နှင့် ရှမ်းပြည်နယ်များတွင် မြန်မာစစ်တပ်နှင့် လုံခြုံရေးတပ်ဖွဲ့များမှ ကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှု အချက်အလက်များနှင့် ဆက်စပ်အခြေအနေများကို ရှာဖွေစုဆောင်းရန်အတွက် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ FFM ကို ပုံဖော်တည်ထောင်ခဲ့ပါသည်။ FFM ၏ ရည်ရွယ်ချက်မှာ လူ့အခွင့်အရေးကောင်စီနှင့် မူဝါဒချမှတ်သူများ အသုံးပြုနိုင်ရန်အတွက် အဖြစ်အပျက်များ၊ သက်သေထွက်ဆိုချက်များနှင့် စွပ်စွဲထားသော ရာဇဝတ်မှုများ၏ အချက်အလက်များ စိစစ်ပေးခြင်း၊ လေ့လာစူးစမ်းခြင်း၊ စုစည်းမှတ်တမ်းပြု သိမ်းဆည်းထားခြင်းတို့ဖြင့် အနာဂတ်ကာလတွင် တာဝန်ယူမှု၊ တာဝန်ခံမှုကို သေချာစေရန် ဖြစ်ပါသည်။ FFM အနေဖြင့် တရားစီရင်ရေး သို့မဟုတ် တရားစွဲဆိုခြင်းတို့နှင့်ပတ်သက်ပြီး မည်သည့်အခွင့်အာဏာမျှမရှိဘဲ အနာဂတ်တာဝန်ယူမှု၊ တာဝန်ခံမှုယန္တရားအတွက် အသုံးပြုနိုင်ရန် အချက်အလက်များ ရှာဖွေပေးရန်သာ တာဝန်ရှိသည်။ ၂၀၁၇ ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် ဆုံးဖြတ်ချက်အမှတ် A/HRC/RES/34/22,[5] ဖြင့် FFM ကို အတည်ပြုကာ အောက်ပါလုပ်ပိုင်ခွင့်အာဏာများကို ပေးအပ်ခဲ့ပါသည်။

- လူ့အခွင့်အရေးနှင့် နိုင်ငံတကာလူသားချင်းစာနာမှုဆိုင်ရာဥပဒေအပေါ် ချိုးဖောက်မှုများနှင့် ပတ်သက်၍ **အချက်အလက်များ ရှာဖွေစုဆောင်းရန်၊**
- **အချက်အလက်များကို ဆန်းစစ်ရန် နှင့်** လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် **တာဝန်ရှိမှုကို ထောက်ပြရန်၊**
- ကျူးလွန်သူများအပေါ် အပြည့်အဝ တာဝန်ယူမှု၊ တာဝန်ခံမှု သက်ရောက်စေရန် သေချာစေမည့် **အကြံပြုတိုက်တွန်းချက်များ ပြုလုပ်ရန်၊**

FFM အား Mr. Marzuki Darusman (Indonesia) မှ ဥက္ကဋ္ဌအဖြစ် ဦးဆောင်ကာ အဖွဲ့ဝင်များအဖြစ် Ms. Radhika Coomaraswamy (Sri Lanka) နှင့် Mr. Christopher Dominic Sidoti (Australia) တို့နှင့် ဖွဲ့စည်းထားပါသည်။ FFM အနေဖြင့် ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်း နှင့် အင်္ဂလန်နိုင်ငံတို့ကို

---

[5] Resolution Adopted by the Human Rights Council on 24 March, 2017, *UN Human Rights Council,* 3 April, 2017. http://undocs.org/A/HRC/res/34/22

သွားရောက်ခဲ့ပြီး မြန်မာနိုင်ငံကမူ ၎င်းတို့အား ပြည်ဝင်ခွင့်မပြုခဲ့ပေ။ ထိုကြိုးပမ်းအားထုတ်မှုများကြောင့် အတွင်းကျအသေးစိတ် တွေ့ဆုံမေးမြန်းမှု ၈၇၅ ခုနှင့်အတူ ဖြစ်ပျက်မှုများ၏ ဂြိုလ်တုရုပ်ပုံလွှာများ၊ ဓါတ်ပုံများနှင့် ဗီဒီယိုမှတ်တမ်းများအပေါ် သုံးသပ်မှုတို့ ရလဒ်အဖြစ် ထွက်ပေါ်ခဲ့ပါသည်။

အချက်အလက်ရှာဖွေရေးအဖွဲ့မှ ၎င်းတို့၏ အစီရင်ခံစာအကျဉ်းချုပ်အား ၂၀၁၈ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီး ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်တကွ အခြားထိပ်ပိုင်း ဗိုလ်ချုပ် ငါးဦးတို့အား ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော လူမျိုးတုံးသတ်ဖြတ်မှုနှင့် ရခိုင်၊ ရှမ်းနှင့် ကချင်ပြည်နယ်တို့တွင် ဖြစ်ပွားခဲ့သော လူသားမျိုးနွယ်စုအားဆန့်ကျင်သည့် ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများအတွက် စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်ကာ တရားစွဲဆို အရေးယူရမည်ဟု ကောက်ချက်ချခဲ့ပါသည်။[6] မြန်မာစစ်တပ်၏ လုပ်ဆောင်မှုများတွင် လူမျိုးတုံးသတ်ဖြတ်ရန် ရည်ရွယ်ချက် အသေအချာ ပါရှိကြောင်းကို အစီရင်ခံစာတွင် "(တိုင်းမှူး တပ်မမှူး စသည်ကဲ့သို့) အမိန့်ပေးသူများနှင့် လက်တွေ့ကျူးလွန်သူများ၏ သေချာတိကျသည့် ပြောဆိုမိန့်ကြားချက်များ၊ ရခိုင်ပြည်နယ် လူနေထိုင်မှု အချိုးအစားဖွဲ့စည်းပုံအား ပြောင်းလဲပစ်ရန်ပါ ပါဝင်သည့် ဖယ်ကျဉ်ရေးမူဝါဒများ၊ အိုးအိမ်ပိုင်ဆိုင်မှုများအား ဖျက်ဆီးရှင်းလင်းရေး အစီအစဉ်တစ်ခုရှိနေကြောင်း ညွှန်ပြနေသည့် စနစ်တကျ အကွက်ချ စုဖွဲ့လုပ်ဆောင်မှုအဆင့်တို့အပါအဝင် အကြမ်းဖက်မှုများတွင် တွေ့ရသည့် ရက်စက်ကြမ်းကြုတ်မှု အတိုင်းအတာတို့က ထိုသို့သော လူမျိုးတုံးစေရန် ရည်ရွယ်ချက်တွင် ပိုကျယ်ပြန့်သော အမုန်းတရားဖြန့်ကျက်မှုနှင့် နှိပ်ကွပ်ရေးအစီအစဉ်များ ပါဝင်နေကြောင်းအား ညွှန်ပြနေသည့်အချက်များ ရှိနေသည်။"[7] ဟု ဖော်ပြခဲ့ပါသည်။ ကုလသမဂ္ဂလုံခြုံရေး ကောင်စီအနေဖြင့် ထိုသို့ကျူးလွန်ခဲ့သော ထိပ်တန်းစစ်ဗိုလ်ချုပ်များအား ICC သို့ လွှဲပြောင်းကာ သို့မဟုတ် ၎င်းတို့ ကျူးလွန်ခဲ့သည်များအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုဖော်ဆောင်ပေးမည့် အထူးခုံရုံးတစ်ခု တည်ထောင်ကာ ရုံးတင်စစ်ဆေး အရေးယူရန် အစီရင်ခံစာမှ တိုက်တွန်းအကြံပြုထားပါသည်။ လတ်တလော ဖွဲ့စည်းလိုက်သည့် 'စုံစမ်းစစ်ဆေးရေးကော်မရှင်' ကဲ့သို့ ပြည်တွင်းတာဝန်ယူမှု၊ တာဝန်ခံမှုယန္တရားများ အောင်မြင်မှု မရှိသည့်အတွက် နိုင်ငံတကာတာဝန်ယူမှု၊ တာဝန်ခံမှုယန္တရားတစ်ခု မဖြစ်မနေ လိုအပ်ကြောင်းကိုလည်း အစီရင်ခံစာမှ ထောက်ပြထားပါသည်။ ထိုသို့သော ယန္တရားတစ်ခု မထူထောင်ရသေးခင် ကြားကာလတွင် "အချက်အလက်များ ရှာဖွေ၊ စုဆောင်း၊ ထိန်းသိမ်းကာ ကျူးလွန်မှုသက်သေ အထောက်အထားများအား သုံးသပ်ဆန်းစစ်နိုင်ရေးအတွက် သမာသမတ်ကျပြီး လွတ်လပ်အမှီခိုကင်းသည့် ယန္တရားတစ်ခု ထူထောင်ရန်"[8] လည်း အစီရင်ခံစာမှ တောင်းဆိုထားပါသည်။ မြန်မာနိုင်ငံအပေါ် တစ်ကမ္ဘာလုံးအတိုင်းအတာ လက်နက်ရောင်းချမှု ပိတ်ပင်ရေးနှင့် ရာဇဝတ်မှုများအတွက် တာဝန်ရှိသူများအား ပစ်မှတ်ထား ပိတ်ဆို့အရေးယူရေးကဲ့သို့သော အခြားအကြံပြုတိုက်တွန်းချက်များလည်း ပါဝင်ပါသည်။

ကနဦးတွင် သက်တမ်းကို တစ်နှစ်သာ သတ်မှတ်ခဲ့သော်လည်း FFM ၏ လုပ်ပိုင်ခွင့်အာဏာကို ဆုံးဖြတ်ချက်အမှတ် (A/HRC/36/L.31/Rev.1) ဖြင့် နောက်ထပ် ၆ လ သက်တမ်းတိုးပေးခဲ့ပြီး ၎င်းတို့၏

[6] "Myanmar: Tatamdaw Leaders must be investigated for genocide, crimes against humanity, war crimes – UN Report," *Office of the United Nations High Commissioner for Human Rights,* 27 August, 2018. https://www.ohchr.org/EN/NewsEvents/Pages/DisplayNews.aspx?NewsID=23475&LangID=E

[7] "The Report of the International Fact-Finding Mission on Myanmar, A/HRC/39/64 (Advance Unedited Version)," *UN Human Rights Council,* 24 August, 2017. https://www.ohchr.org/EN/HRBodies/HRC/MyanmarFFM/Pages/ReportoftheMyanmarFFM.aspx

[8] Ibid.

နောက်ဆုံးအစီရင်ခံစာအပြည့်အစုံကို ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ပြုလုပ်မည့် လူ့အခွင့်အရေးကောင်စီ၏ ၃၉ ကြိမ်မြောက် အစည်းအဝေး၌သော်လည်းကောင်း၊ ကုလသမဂ္ဂအထွေထွေညီလာခံ၏ ၇၃ ကြိမ်မြောက် အစည်းအဝေး၌သော်လည်းကောင်း တင်သွင်းရမည်ဖြစ်ပါသည်။ ထို့နောက်ပိုင်းတွင် FFM ၏ လုပ်ပိုင်ခွင့် အာဏာ သက်တမ်းထပ်တိုးခြင်း မတိုးခြင်းနှင့်ပတ်သက်ပြီး ရှင်းရှင်းလင်းလင်းမသိရပေ။

(ii) *သမာသမတ်ကျ၍ လွတ်လပ်သော နိုင်ငံတကာယန္တရား (International, Impartial and Independent Mechanism – IIIM)*

မကြာသေးခင်က အနားယူသွားသည့် ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင် မဟာမင်းကြီး Mr. Zeid Ra'ad Al Hussein က FFM ၏အလုပ်ကို ထပ်မံဖြည့်ပေးနိုင်ရန်နှင့် နောက်ဆက်တွဲ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် သမာသမတ်ကျ၍ လွတ်လပ်သောယန္တရားတစ်ရပ် ဖော်ဆောင်ရေးအတွက် ကုလသမဂ္ဂ အထွေထွေညီလာခံသို့ အကြံပြုရန် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့က လူ့အခွင့်အရေးကောင်စီတွင် တိုက်တွန်းတောင်းဆိုခဲ့ပါသည်။ အသစ်ခန့်အပ်လိုက်သည့် ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင် မဟာမင်းကြီး Ms. Michelle Bachelet ကလည်း ၂၀၁၈ ခုနှစ် စက်တင်ဘာလက လူ့အခွင့်အရေးကောင်စီ၌ ၎င်း၏ ပထမဦးဆုံး မိန့်ခွန်းထဲတွင် ထိုအချက်အား ထပ်လောင်း ဖောင်းပေးဖော်ပြသွားပါသည်။[9]

ဤ IIIM ပုံစံကို ဆီးရီးယားအကျပ်အတည်းအား တုံ့ပြန်ရန်အတွက် တည်ထောင်ခဲ့ပါသည်။ ရည်ရွယ်ချက်မှာ ၂၀၁၁ ခုနှစ်မှစ၍ ဆီးရီးယားမြေပေါ်တွင် ကျူးလွန်ခဲ့သော အဆိုးဝါးဆုံးစစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်စုအားဆန့်ကျင်သည့် ရာဇဝတ်မှုများနှင့်ပတ်သက်သော သက်သေအထောက်အထားများကို စုစည်းခိုင်မာစေရန် ဖြစ်သည်။ ဤကဲ့သို့သောယန္တရားကို တည်ဆောက်ရသည့်အခြေအနေမှာ စစ်ရာဇဝတ်မှု များကို ထိရောက်ကောင်းမွန်စွာ အရေးယူနိုင်ခြင်း မရှိသေးသောကြောင့်ဖြစ်သည်။ မြန်မာနိုင်ငံကဲ့သို့ပင် ဆီးရီးယားသည်လည်း ရောမသဘောတူစာချုပ် (Rome Statue) ကို လက်မှတ်ရေးထိုးထားသော နိုင်ငံတစ်ခု မဟုတ်သည့်အပြင် ဗီတိုအာဏာရှိသည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံမှလည်း ဤအခြေအနေအား ICC သို့ လွှဲပြောင်းရေးကို အမြဲပိတ်ဆို့နေခဲ့သောကြောင့် ဖြစ်သည်။ သို့ဖြစ်၍ သက်သေ အထောက်အထားစုဆောင်းရေးနှင့် အမှုဆင်ရေးကို အကျိုးဆောင်ရန်အတွက် IIIM ကို ထူထောင်ခဲ့ခြင်းဖြစ်ပြီး ယန္တရားတစ်ခု ဖန်တီးလာနိုင်မည့်နေ့ရက်သို့ မျှော်မှန်းထားခြင်းဖြစ်သည်။

ထို IIIM အနေဖြင့် စစ်ရာဇဝတ်မှု ကျူးလွန်သူများကို တရားစွဲဆိုမှုပြုပေးနိုင်မည့် တရားရုံးတစ်ခု မဟုတ်သော်ငြားလည်း သက်သေအထောက်အထားကို စုဆောင်းနိုင်ပြီး အခြားသူများလည်း အလားတူ လိုက်ပါဆောင်ရွက်စေနိုင်မည့် **အမှုများတည်ဆောက်ရန်** ဖြစ်သည်။ ၎င်း၏ လုပ်ပိုင်ခွင့်အာဏာမှာ မြန်မာနိုင်ငံတွင် နိုင်ငံတကာဥပဒေကို အပြင်းထန်ဆုံး ချိုးဖောက်မှုများအတွက် တာဝန်ရှိသော လူပုဂ္ဂိုလ်များအပေါ် တရားစွဲဆိုခြင်းနှင့် စုံစမ်းစစ်ဆေးခြင်း အလားအလာတစ်ရပ်အတွက် ကူညီနိုင်ရန်နှင့် ပြင်ဆင်ပေးရန် ဖြစ်ပါလိမ့်မည်။

[9]Stephanie Nebehay, "U.N.'s Bachelet presses for new body on crimes against Myanmar Rohingya," *Reuters,* 10 September, 2018. https://www.reuters.com/article/us-myanmar-rohingya-un/uns-bachelet-presses-for-new-body-on-crimes-against-myanmar-rohingya-idUSKCN1LQ0OB

IIIM ပုံစံယန္တရားမှာ ICC သို့မဟုတ် ခုံရုံးများနှင့်မတူညီဘဲ ပြစ်ဒဏ်စီရင်နိုင်သော လုပ်ပိုင်ခွင့်မရှိခြင်းကြောင့် ကျူးလွန်သူများအား အရေးယူနိုင်သည့်အာဏာ မရှိပါ။ ထိုသို့လုပ်ပိုင်ခွင့် မရှိသော်လည်း ဤယန္တရားသည် ကုလသမဂ္ဂအေဂျင်စီများ၊ အဖွဲ့ဝင်နိုင်ငံများ၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးစောင့်ကြည့်သော အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများဖြင့် နီးကပ်စွာအလုပ်လုပ်မည်ဖြစ်ပြီး အနာဂတ်တွင် အခြေအနေပေးပါက အပြစ်ပေးနိုင်ရန်အတွက် တရားရုံးတင် စီရင်ရန် အဆင်သင့်ဖြစ်သောအမှုများအဖြစ် အချက်အလက်များကို စုစည်းပြင်ဆင်ပေးပါသည်။ ဆိုလိုသည်မှာ IIIM အနေဖြင့် တရားမျှတမှုအတွက် ခြေလှမ်းတလှမ်း ပိုမိုနီးကပ်သွားစေသော်လည်း တရားမျှတမှုကို သယ်ဆောင်လာပေးမည့် အရင်းအမြစ် မဟုတ်ပါ။ ဆီးရီးယားနိုင်ငံအတွက် IIIM ယန္တရားကို ကုလသမဂ္ဂအထွေထွေညီလာခံမှတစ်ဆင့် တည်ထောင်ခဲ့ခြင်းဖြစ်သော်လည်း လူ့အခွင့်အရေးကောင်စီနှင့် လုံခြုံရေးကောင်စီတို့တွင် IIIM ယန္တရားကို တည်ထောင်ရန် လိုအပ်ပါက လုပ်ဆောင်နိုင်သည့် အခြေအနေ ရှိပါသည်။

## (iii) *မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် Ms. Yanghee Lee အဆိုပြုထားသည့် မြန်မာပြည်အတွက် တာဝန်ယူမှုတာဝန်ခံမှုရှိသော ယန္တရား*[10]

လူ့အခွင့်အရေးကောင်စီ ၃၇ ကြိမ်မြောက်ညီလာခံ၏ ၁၉ ကြိမ်မြောက်အစည်းအဝေး၌ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် Ms. Yanghee Lee က IIIM ပုံစံကွဲ ယန္တရားတစ်မျိုးကို အဆိုပြုခဲ့ပါသည်။[11] ဤယန္တရားတွင် အစိတ်အပိုင်း ၃ ပိုင်းအား လုပ်ပိုင်ခွင့်အာဏာပေးခြင်းဖြင့် IIIM အား ဘက်ပေါင်းစုံ လွှမ်းခြုံသော နည်းလမ်းသွယ်တစ်ခု ဖြစ်လာစေနိုင်ပါသည်။

- လူ့အခွင့်အရေးနှင့် နိုင်ငံတကာလူသားချင်းစာနာမှုဆိုင်ရာဥပဒေ ချိုးဖောက်မှုများ၏ **သက်သေ အထောက်အထားများ စုဆောင်းခြင်း သို့မဟုတ် စုစည်းခိုင်မာစေခြင်း၊**
- အနာဂတ် အပြစ်ပေးအရေးယူမှုများအတွက် နိုင်ငံတကာ ရာဇဝတ်မှုဆိုင်ရာဥပဒေများနှင့်အညီ **တရားရုံးတင်စီရင်ရန် အဆင်သင့်ဖြစ်သော အမှုများတည်ဆောက်ခြင်း၊** နှင့်
- **ကျူးလွန်ခံရသူများအတွက် ကူညီထောက်ပံ့ရေးနှင့်** ပြန်လည်သင့်မြတ်ရေးအတွက် မူဘောင် တစ်ရပ် ဖော်ဆောင်ရေးဆွဲခြင်း။

## (iv) *အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး (International Criminal Court - ICC)*

ICC သည် ကမ္ဘာပေါ်တွင် ပထမဆုံးတည်ထောင်သော ကိုယ်ပိုင်အာဏာရှိသည့် အမြဲတမ်းတရားရုံး ဖြစ်ပြီး ရောမသဘောတူစာချုပ်အောက်တွင် အပြင်းထန်ဆုံးသော နိုင်ငံတကာရာဇဝတ်မှုများကို ကျူးလွန်သည့် ပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် (နိုင်ငံတော်များမဟုတ်) တရားစွဲဆိုနိုင်ရန် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ၎င်းအနေဖြင့် ဖြစ်ပွားသည့်ရာဇဝတ်မှုနှင့် မေးခွန်းထုတ်စရာဖြစ်နေသော အခြေအနေနှစ်ခုစလုံးပေါ်တွင် တရားစီရင်ပိုင်ခွင့် ရှိသော အမှုများကိုသာ ကိုင်တွယ်ပါသည်။ မြန်မာနိုင်ငံကဲ့သို့သော အခြေအနေတွင် မြန်မာနိုင်ငံသည် ရောမသဘောတူစာချုပ်ကို လက်မှတ်ထိုးမထားသောကြောင့် ၎င်းမြေပေါ်တွင် ကျူးလွန်သောအမှုများသည်

---

[10] "Concept Note: Accountability Mechanism for Myanmar." *Special Rapporteur on the situation of human rights in Myanmar.* https://www.ohchr.org/Documents/Countries/MM/ConceptNoteAccountabilityFramework.pdf

[11] Ibid.

ICC ၏ စီရင်ပိုင်ခွင့်အတွင်းသို့ အလိုအလျောက် ကျရောက်ခြင်းမရှိပါ။ ICC အနေဖြင့် မြန်မာနိုင်ငံမှ စစ်ရာဇဝတ်မှုများအားလုံးကို ရုံးတင်စစ်ဆေးလိုလျှင် ယင်းအမှုများကို ကုလသမဂ္ဂလုံခြုံရေးကောင်စီမှတစ်ဆင့် ICC သို့ လွှဲပြောင်းပေးနိုင်သည်။ သို့သော်လည်း အခြားရွေးချယ်စရာတစ်ခုမှာ ဖြစ်ပွားခဲ့သည့် ရာဇဝတ်မှုသည် ICC အတွက် လက်မှတ်ရေးထိုးထားသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် သွားရောက်ပတ်သက်နေသဖြင့် ICC က တရားစီရင်မှုမတိုင်မီ အကြိုပြင်ဆင်ရေးဌာန၏ လတ်တလောဆုံးဖြတ်ချက်ဖြစ်သော လူသားမျိုးနွယ်စုအား ဆန့်ကျင်သည့်ရာဇဝတ်မှုမြောက်သည့် "နေရပ်စွန့်ခွာထွက်ပြေးစေရအောင် မောင်းထုတ်ခြင်း" အတွက် နေရာဒေသဆိုင်ရာ အရ စီရင်ပိုင်ခွင့်ရှိသည် ဟူသော ဆုံးဖြတ်ချက်အပေါ် အခြေခံပါသည်။

### *(က) ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ မြန်မာနိုင်ငံ၏အခြေအနေကို ICC သို့ လွှဲပြောင်းခြင်း*

မြန်မာနိုင်ငံအခြေအနေကို ICC သို့ လွှဲပြောင်းပေးခြင်းသည် စစ်ရာဇဝတ်မှုများ ကျူးလွန်ခံရသူများ အတွက် တရားမျှတမှု ရရှိနိုင်ရေးကို အကောင်းဆုံးနည်းလမ်းများဖြင့် အထောက်အကူပေးနိုင်မည် ဖြစ်သည်။ အကယ်၍ မြန်မာနိုင်ငံအခြေအနေကို လုံခြုံရေးကောင်စီမှ လွှဲပြောင်းပေးမည်ဆိုပါက ICC ကို အောက်ပါ လုပ်ပိုင်ခွင့်အာဏာများ ပေးအပ်နိုင်လိမ့်မည် ဖြစ်သည်။

- လူမျိုးတုံးသတ်ဖြတ်မှု၊ လူသားမျိုးနွယ်စုအား ဆန့်ကျင်သည့်ရာဇဝတ်မှုများ၊ စစ်ရာဇဝတ်မှုများ နှင့် (အနာဂတ်တစ်ချိန်ချိန်တွင်) ရန်လိုကျူးကျော်တိုက်ခိုက်ခြင်း၏ ရာဇဝတ်မှုများအား စုံစမ်းစစ်ဆေးရန်၊
- ထိုရာဇဝတ်မှုများအပေါ် တာဝန်ရှိသည်ဟု ယုံကြည်ရသူများကို တရားစွဲဆိုအရေးယူခြင်း၊ နှင့်
- စွပ်စွဲခံထားရသောကျူးလွန်သူများကို နယ်သာလန်နိုင်ငံရှိ ဟိဂ်မြို့၌ ရုံးတင်စစ်ဆေးခြင်း။

သို့သော်လည်း ဤနည်းလမ်းသည် ဖြစ်နိုင်ခြေ လွန်စွာနည်းပါးပါသည်။ မြန်မာနိုင်ငံအခြေအနေကို ICC သို့ လွှဲပြောင်းမည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ မည်သည့်အားထုတ်မှုကိုမဆို တရုတ်နိုင်ငံမှ ဗီတိုအာဏာသုံးကာ ပိတ်ပင်တားမြစ်သွားမည်ဖြစ်ကြောင်း ရှင်းလင်းစွာပြောထားပြီးဖြစ်ပါသည်။ တရုတ်နိုင်ငံ၏ ဗီတိုအာဏာသည် မြန်မာနိုင်ငံအခြေအနေအား ICC သို့ လွှဲပြောင်းပေးရန် မဖြစ်နိုင်တော့သည်အထိ သက်ရောက်မည်ဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ ICC သို့ လွှဲပြောင်းပေးရေးကိစ္စအား တားဆီးမည့်နိုင်ငံမှာ တရုတ်နိုင်ငံ တစ်ခုတည်း မဟုတ်ပါ။ လုံခြုံရေးကောင်စီအမြဲတမ်းအဖွဲ့ဝင်များအကြား အထူးသဖြင့် အမေရိကန်နိုင်ငံအနေဖြင့် ICC ကိစ္စနှင့်ပတ်သက်၍ စိတ်ပျက်မှုများ ကြီးထွားလာနေပါသည်။ (ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မှ ရန်လိုကျူးကျော်သည့်လုပ်ရပ် ကျူးလွန်ရန် ပြင်ဆင်၊ အစပျိုးလုပ်ဆောင် သို့မဟုတ် ကုလသမဂ္ဂ ပဋိညာဉ်အား ချိုးဖောက်ရာရောက်သည့် နိုင်ငံပိုင်စစ်တပ်အား အသုံးပြုကာ ထိုကျူးကျော်ရန် အစီအစဉ်အား အပြီးသတ် စီစဉ်ဆောင်ရွက်သည့် အီရတ်စစ်ပွဲကဲ့သို့ ဖြစ်ရပ်များအား ရည်ညွှန်းကာ) မကြာသေးခင်ကမှ ICC လုပ်ပိုင်ခွင့် အောက်သို့ "ရန်လိုကျူးကျော်သည့်" ရာဇဝတ်မှုအား ထည့်သွင်းခြင်းကြောင့် ပြင်သစ်နိုင်ငံကဲ့သို့ ICC ၏ အစဉ်အလာ မဟာမိတ်များအား ဒေါသအမျက်ထွက်စေကာ အချိန်ကြာလာသည်နှင့်အမျှ ICC အပေါ်

နိုင်ငံတကာ ထောက်ခံမှု (အမေရိကန်အစိုးရသည် ICC နှင့်ပတ်သက်လျှင် အမြဲတမ်း သတိမပြတ်ထားကာ ရောမစာချုပ်အားလည်း လက်မှတ်ရေးထိုးထားခြင်းမရှိပါ) ကျဆင်းစေနိုင်ပါသည်။ သို့သော် လက်ရှိကာလတွင်မူ မြန်မာနိုင်ငံအား ICC လွှဲပြောင်းရေးတွင် ထိုနိုင်ငံများမှ ဆန့်ကျင်ဖက်လုပ်နိုင်ခြေ နည်းပါးပါသည်။ မြန်မာနိုင်ငံအား ICC သို့ လွှဲပြောင်းရေးတွင် အကြီးမားဆုံးအတားအဆီးဖြစ်နိုင်ခြေမှာ တရုတ်နိုင်ငံ၏ ဗီတိုအာဏာဖြစ်နေပါသည်။

## *(ခ) "နေရပ်စွန့်ခွာထွက်ပြေးစေရအောင် မောင်းထုတ်ခြင်း" ရာဇဝတ်မှုအပေါ် စုံစမ်းစစ်ဆေးမှု စတင်လုပ်ဆောင်ရန် ICC ၏ တရားစွဲအရာရှိအား လုပ်ပိုင်ခွင့်ပေးအပ်ခြင်း*

၂၀၁၈ ခုနှစ် ဧပြီလ ၉ ရက်နေ့တွင် ICC ၏ တရားစွဲအရာရှိ Ms. Fatou Bensouda က တရားရုံးအနေဖြင့် "ရိုဟင်ဂျာများကို မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မောင်းထုတ်သည်ဟူသော စွပ်စွဲချက်အပေါ် စီရင်နိုင်ခွင့်"[12] ရှိ မရှိဆုံးဖြတ်ပေးရန် ICC သို့ လျှောက်ထားခဲ့သည်။ ဘင်္ဂလားဒေ့ရှ် နိုင်ငံသည် မြန်မာနိုင်ငံကဲ့သို့မဟုတ်ဘဲ ရောမသဘောတူစာချုပ်၏ အဖွဲ့ဝင်ဖြစ်သည့်အလျောက် ဤတောင်းခံ ချက်သည် အရေးပါလှပြီး ICC အနေဖြင့် ရောမသဘောတူစာချုပ် အပိုဒ် ၁၉ (၃) အရ ထိုရာဇဝတ်မှုအပေါ် ပထဝီနယ်မြေ အနေအထားအရ စီရင်ပိုင်ခွင့် ရှိကောင်းရှိနိုင်ပေသည်။ နေရပ်စွန့်ခွာထွက်ပြေးစေအောင် မောင်းထုတ်သည့် ရာဇဂတ်မှုအတွက် စီရင်ပိုင်ခွင့်အား ကျင့်သုံးမည်ဟု ICC ၏ တရားစီရင်မှုမတိုင်မီ အကြိုပြင်ဆင်ရေးဌာနမှ ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့တွင် ဆုံးဖြတ်ချက်ချခဲ့ပါသည်။[13]

ရောမသဘောတူစာချုပ် အပိုဒ် ၁၉ (၃) အရ ၎င်းတို့တွင် စီရင်ပိုင်ခွင့်ရှိသည်ဟု ဆုံးဖြတ်ချက်ချခြင်းအရ ဤလုပ်ဆောင်ချက်သည် မကြုံစဖူး မရှိဖူးသေးသောလုပ်ဆောင်ချက်ဖြစ်ပြီး ရိုဟင်ဂျာများအား နေရပ်စွန့်ခွာရစေအောင် မောင်းထုတ်ခြင်းနှင့် လူသားမျိုးနွယ်စုအားဆန့်ကျင်သည့် ရာဇဂတ်မှုများ ကျူးလွန်ခဲ့သူများကို အရေးယူနိုင်ရန် လမ်းကြောင်းတစ်ခုကိုလည်း ၎င်းမှ ဖန်တီးပေးနေပါသည်။ ထိုဆုံးဖြတ်ချက်အပေါ် အခြေခံပြီး ICC အနေဖြင့် အဆင့်တစ်ဆင့်ချင်းစီအတွက် အခြားပုံမှန်လိုအပ်ချက်များ ပြည့်စုံပြီးဖြစ်သည်ဟု ကောက်ယူကာ အောက်ပါအဆင့်များအား ဆောင်ရွက်နိုင်လိမ့်မည် ဖြစ်ပါသည် -

- ရိုဟင်ဂျာများကို မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ "နေရပ်စွန့်ခွာထွက်ပြေးစေရအောင် မောင်းထုတ်ခြင်း" ၏ ရာဇဝတ်မှုအတွက် စုံစမ်းစစ်ဆေးရန်၊
- နေရပ်စွန့်ခွာထွက်ပြေးစေရအောင် မောင်းထုတ်ခြင်း၏ ရာဇဝတ်မှုအပေါ် တာဝန်ရှိသည်ဟု ယုံကြည်ရသူ လူပုဂ္ဂိုလ်များကို တရားစွဲဆိုရန်၊ နှင့်

[12] Application Under Regulation 46(3), *Office of the Prosecutor,* International Criminal Court. 9 April, 2018. https://www.icc-cpi.int/CourtRecords/CR2018_02057.PDF

[13] "ICC Pre-Trial Chamber I rules that the Court may exercise jurisdiction over the alleged deportation of the Rohingya people from Myanmar to Bangladesh." *International Criminal Court.* 6 September, 2018. https://www.icc-cpi.int/Pages/item.aspx?name=pr1403

- နေရပ်စွန့်ခွာထွက်ပြေးစေရအောင် မောင်းထုတ်ခြင်း၏ ရာဇဝတ်မှုအပေါ် တာဝန်ရှိသည်ဟု စွပ်စွဲခြင်းခံထားရသည့် ကျူးလွန်သူများအား နယ်သာလန်နိုင်ငံတွင် စစ်ဆေးရန်။[14]

တရားစွဲအရာရှိမှ အကြိုစုံစမ်းစစ်ဆေးမှုအား လုပ်ဆောင်နိုင်မည်ဖြစ်သည့်အပြင် စီရင်ပိုင်ခွင့် ရှိသည်ဟု ဆုံးဖြတ်ခဲ့သည့် တရားစီရင်မှုမတိုင်မီ အကြိုပြင်ဆင်ရေးဌာနမှလည်း ၎င်းအား ထိုသို့ အမြန်ဆုံးလုပ်ဆောင်ရန် တိုက်တွန်းအားပေးထားပါသည်။ ထို့အတွက် ၎င်းအနေဖြင့် တရားဝင်စုံစမ်း စစ်ဆေးမှုများ စတင်လုပ်ဆောင်ရန် လုပ်ပိုင်ခွင့် တောင်းခံသွားမည်ဖြစ်ပြီး လုပ်ပိုင်ခွင့် ပေးအပ်ခံရပါက တရားလို့ဌာနမှ စုံစမ်းစစ်ဆေးသူများအား စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်နိုင်ပြီး တရားစွဲအရာရှိမှ ဖမ်းဝရမ်းများ လျှောက်ထားတောင်းခံကာ သက်သေအထောက်အထား စုဆောင်းရန် လိုအပ်သော အခြားဥပဒေရေးရာ လုပ်ဆောင်ချက်များကို အသုံးပြုမည် ဖြစ်သည်။ စုံစမ်းစစ်ဆေးမှုလုပ်ဆောင်ရန် တင်ပြချက်အား ခွင့်ပြုပေးရန်အတွက် တရားစွဲအရာရှိအနေဖြင့် အောက်ပါမေးခွန်းများကို ပထမဦးစွာ ဖြေကြားရပါမည် -

- ရာဇဝတ်မှုကျူးလွန်သူများအား တရားဥပဒေရှေ့မှောက် ခေါ်ဆောင်ရေးအတွက် သက်ဆိုင်သည့်နိုင်ငံမှ အမှန်တကယ် လုပ်ဆောင်ကြိုးပမ်းခဲ့ခြင်း ရှိ မရှိ (ဥပဒေရေးရာတွင် အမှုတစ်ခု အတွက် ပြည်တွင်းနှင့် နိုင်ငံတကာမှ မလိုအပ်ဘဲ တစ်ပြိုင်တည်းလုပ်ဆောင်ခြင်း ဟုလည်း သိကြသည်)၊
- ဖြစ်ပွားခဲ့သည့်အမှုသည် ICC တင်ထိုက်သော အဆင့်ရှိ မရှိ၊ နှင့်
- ကျူးလွန်ခံရသူများအတွက် တရားမျှတမှုရရှိစေရန် ဦးတည်သော စုံစမ်းစစ်ဆေးမှု ဖြစ် မဖြစ်။

နေရပ်စွန့်ခွာထွက်ပြေးစေရအောင် မောင်းထုတ်ခြင်းရာဇဝတ်မှုသည် "လူသားမျိုးနွယ်စုအား ဆန့်ကျင်သည့် ရာဇဝတ်မှုများ" ခေါင်းစဉ်အောက်တွင် အကျုံးဝင်နေကျ ရာဇဝတ်မှုဖြစ်သည်။ အတင်းအဓမ္မ လွှဲပြောင်းပေးအပ်မှုမျိုးနှင့်မတူဘဲ ကျူးလွန်ခံရသူတစ်ဦးသည် မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နိုင်ငံတကာ နယ်စပ်တစ်ခုကို ဖြတ်ကျော်ရန် အတင်းအဓမ္မမောင်းထုတ် ခံရသည့်ကိစ္စမျိုးကို အထူးသဖြင့် ရည်ညွှန်းပါသည်။ အကန့်အသတ်ရှိနေသည့် တရားစွဲအရာရှိ၏ တောင်းဆိုမှု သဘောသဘာဝ အနေအထားအရ ဤရွေးချယ်မှု နည်းလမ်းသည် မြန်မာအစိုးရလက်နက်ကိုင်တပ်ဖွဲ့များမှ ရိုဟင်ဂျာများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မောင်းထုတ် ခဲ့ခြင်း တစ်ခုတည်းအပေါ်တွင်သာ သက်ရောက်နိုင်လိမ့်မည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံအတွင်း ကျူးလွန်ခဲ့သော လူသတ်ခြင်း၊ ကွပ်မျက်ခြင်း၊ ထောင်သွင်းအကျဉ်းချခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်း၊ မုဒိမ်းကျင့်ခြင်း၊ လိင်အကြမ်းဖက်မှုကျူးလွန်ခြင်း အစရှိသည့် လူသားမျိုးနွယ်စုအားဆန့်ကျင်သည့် အခြားရာဇဝတ်မှုများ သို့မဟုတ် စစ်ရာဇဝတ်မှုများကို တရားစွဲနိုင်ခြေရှိမည် မဟုတ်ပေ။ သို့သော်လည်း စီရင်ပိုင်ခွင့်နှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်တွင် တရားစီရင်မှုမတိုင်မီ အကြိုပြင်ဆင်ရေးဌာနမှ နေရပ်စွန့်ခွာထွက်ပြေး စေရအောင် မောင်းထုတ်ခြင်းအတွက် ICC အား စီရင်ပိုင်ခွင့် ပေးအပ်ခဲ့ခြင်းနှင့် ဆင်တူသောအခြေအနေများ ရှိနေပါက ဥပမာ ရာဇဝတ်မှုတစ်စိတ်တစ်ပိုင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ပတ်သက်ဖြစ်ပွားခဲ့ပါက နေရပ်စွန့်ခွာထွက်ပြေးစေရအောင် မောင်းထုတ်ခြင်းအပြင် လူမျိုးရေးခွဲခြား နှိပ်ကွပ်ကာ လူသားမျိုးနွယ်စုအား

[14]Rome Statute, Art. 53.

ဆန့်ကျင်သည့်ရာဇဂတ်မှုကဲ့သို့ အခြားသော ရာဇဂတ်မှုများသည်လည်း ICC စီရင်ပိုင်ခွင့်အောက်သို့ ရောက်ရှိလာနိုင်သည်ဟု မှတ်ချက်ပြုခဲ့ပါသည်။ ထို့အပြင် ညှဉ်းပန်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကဲ့သို့ အခြားသောရာဇဂတ်မှု သက်သေအထောက်အထားများသည် ကျူးလွန်သူများက ရိုဟင်ဂျာများအား မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးစေရအောင် မည်သို့ အင်အားသုံး လုပ်ဆောင်ခဲ့သည်ကို သက်သေပြနိုင်ပါက နေရပ်စွန့်ခွာထွက်ပြေးစေရအောင် မောင်းထုတ်ခြင်းနှင့် ဆက်စပ်နိုင်ပါသည်။

ICC မှ နေရပ်စွန့်ခွာထွက်ပြေးစေရအောင်မောင်းထုတ်ခြင်း ရာဇဝတ်မှုအတွက် စီရင်ပိုင်ခွင့်ကို လက်ခံသည့် ဆုံးဖြတ်ချက်သည် လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများအတွက် အဓိကကျသော အခွင့်အလမ်းတစ်ရပ်ကို ရရှိစေမည်ဖြစ်သည်။ သို့သော်လည်း ဤကြီးမားသောခြေလှမ်းသည်ပင် တရားမျှတမှုကို လျင်လျင်မြန်မြန် ဖော်ဆောင်ပေးနိုင်မည် မဟုတ်ပါ။ ICC တင်ရန် ဆုံးဖြတ်ချက်ကို မြန်မာနိုင်ငံမှ ငြင်းဆိုထားပြီး မည်သည့်စုံစမ်းစစ်ဆေးမှုကိုမျှ ပူးပေါင်းလုပ်ဆောင်မည်မဟုတ်သည့်အပြင် ၎င်း၏နယ်မြေသို့ ဝင်ရောက်လုပ်ဆောင်ခွင့်ကိုလည်း ပိတ်ပင်မည်ဟု ဆိုထားပါသည်။ မြန်မာနိုင်ငံအနေဖြင့် စစ်ရာဇဝတ်မှု ကျူးလွန်သူများကို လွှဲပြောင်းပေးရန် စိတ်ဆန္ဒလည်း မရှိသောကြောင့် တရားရုံးအနေဖြင့် ရာဇဝတ်မှုများ အတွက် ဆုံးဖြတ်ချက်ပေးခဲ့သူ ထိပ်ပိုင်းခေါင်းဆောင်များ မည်သူကိုမဆို မြင်နိုင်သောအနာဂတ်ကာလအတွင်း တရားစွဲဆိုနိုင်မည့် အခြေအနေ မရှိဟု ယူဆရပါသည်။

## (v) ***အထူးသီးသန့်ဖွဲ့စည်းသော အပြည်ပြည်ဆိုင်ရာခုံရုံး (Ad hoc International Tribunal)***

ICC သို့ လွှဲပြောင်းပေးရန် အတားအဆီးများရှိနေသည့်အခြေအနေတွင် အခြားရွေးချယ်စရာနည်းလမ်းတစ်ခုမှာ အထူးသီးသန့်ခုံရုံး ဖွဲ့စည်းတည်ထောင်ခြင်း ဖြစ်ပါသည်။ နာမည်အကျော်ကြားဆုံး အထူးသီးသန့်ခုံရုံး ဥပမာများမှာ ယခင်ယူဂိုဆလားဗီးယားနိုင်ငံအတွက် အပြည်ပြည်ဆိုင်ရာခုံရုံးနှင့် ရဝမ်ဒါနိုင်ငံအတွက် အပြည်ပြည်ဆိုင်ရာခုံရုံးတို့ဖြစ်ပြီး နှစ်ခုစလုံးကို ICC မတင်မီ ထူထောင်ခဲ့ခြင်း ဖြစ်ပါသည်။ ခုံရုံးတစ်ခု၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်နိုင်ပါသည်။

- မြန်မာနိုင်ငံပဋိပက္ခတစ်လျောက်တွင် ကျူးလွန်ခဲ့သည့် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်စုအား ဆန့်ကျင်သည့်ရာဇဝတ်မှုများအတွက် အကြီးမားဆုံးတာဝန်ရှိသည့် အဆင့်မြင့် နိုင်ငံရေးအရာရှိများ၊ စစ်တပ်နှင့် အခြားလက်နက်ကိုင်တပ်ဖွဲ့များ၏ခေါင်းဆောင်များအား စုံစမ်းစစ်ဆေးရန်၊ နှင့်
- ထိုရာဇဝတ်မှုများအတွက် ပုဂ္ဂိုလ်တစ်ဦးချင်းစီကို အပြည်ပြည်ဆိုင်ရာခုံရုံးတွင် တရားစွဲဆိုရန်။

ထိုခုံရုံးများသည် ယာယီတရားရုံးများသာဖြစ်ပြီး နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာဥပဒေများနှင့် နိုင်ငံတကာ ရာဇဝတ်မှုဥပဒေများကို ကြီးမားစွာချိုးဖောက်မှုဖြစ်သည့် အထူးအခြေအနေတစ်ရပ်အောက်တွင် ဖြစ်ပွားခဲ့သည်ဟု စွပ်စွဲခံရသော ရာဇဝတ်မှုများကို တရားစွဲဆိုနိုင်ရန်အတွက် ထူထောင်ခြင်းဖြစ်သည်။ အပြည်ပြည်ဆိုင်ရာခုံရုံးတစ်ခုကို လုံခြုံရေးကောင်စီဆုံးဖြတ်ချက်ဖြင့်လည်းကောင်း၊ ခုံရုံးကို ကုလသမဂ္ဂအရိပ်အာဝါသအောက်တွင် ဖွဲ့စည်းပေးပါရန် မြန်မာအာဏာပိုင်များမှ ကုလသမဂ္ဂသို့လာခံသို့ တောင်းဆိုမှုတစ်ခုပြုခြင်းဖြင့်သော်လည်းကောင်း သို့မဟုတ် အထွေထွေညီလာခံ၏ ခုံရုံးတစ်ခုဖွဲ့စည်းရန် ခွင့်ပြုပေးနိုင်

ခြေရှိသည့် ဆုံးဖြတ်ချက်တစ်ရပ်ဖြင့်သော်လည်းကောင်း တစ်နည်းနည်းဖြင့် ဖွဲ့စည်းထူထောင် နိုင်ပါသည်။ ယခုအခြေအနေတွင် ထိုရွေးချယ်စရာနည်းလမ်း ၃ ခုစလုံးသည် ဖြစ်နိုင်ခြေ နည်းပါးလွန်းလှပါသည်။

(vi) ***အပြည်ပြည်ဆိုင်ရာစီရင်ပိုင်ခွင့် (Universal Jurisdiction)***

ကျူးလွန်သည်ဟု စွပ်စွဲခံထားရသောပုဂ္ဂိုလ်သည် မည်သည့်နိုင်ငံသားပင်ဖြစ်စေ၊ ရာဇဝတ်မှုသည် မည်သည့်နေရာတွင် ဖြစ်ပွားခဲ့သည့်ဖြစ်စေ နိုင်ငံများအနေဖြင့် ရာဇဝတ်မှုဆိုင်ရာစီရင်ပိုင်ခွင့်ကို တောင်းဆိုနိုင်ရန် အပြည်ပြည်ဆိုင်ရာ စီရင်ပိုင်ခွင့်က ခွင့်ပြုပေးထားသည်။ ဆိုလိုသည်မှာ ဥပမာ နိုင်ငံ "ဃ" သည် စစ်ရာဇဝတ်မှုအတွက် မြန်မာတာဝန်ရှိသူတစ်ဦးအား "ဃ" နိုင်ငံတွင် နိုင်ငံသားဖြစ်မဖြစ်နှင့်သော်လည်းကောင်း၊ မည်သည့်နေရာတွင် ကျူးလွန်ခဲ့သည်ဆိုခြင်းနှင့်သော်လည်းကောင်း မသက်ဆိုင်ဘဲ ၎င်းနိုင်ငံတွင် တရားရုံးတင်စစ်ဆေးနိုင်သည်။ ဤအပြည်ပြည်ဆိုင်ရာစီရင်ပိုင်ခွင့် အခြေခံအောက်တွင် နိုင်ငံအတော်များများကို ၎င်းတို့၏ ကိုယ်ပိုင်တရားရုံးများ၌ လူပုဂ္ဂိုလ်များအား ရုံးတင်စစ်ဆေးနိုင်ခွင့် ပေးထားသည်။ ထိုနိုင်ငံများထဲတွင် ဂျာမဏီ၊ စပိန်၊ ဘယ်လ်ဂျီယံ၊ ကနေဒါနှင့် ဖင်လန်နိုင်ငံတို့ပါဝင်သည်။ အပြည်ပြည်ဆိုင်ရာစီရင်ပိုင်ခွင့်ကို လက်ခံအသိအမှတ်ပြုထားသော နိုင်ငံများအနေဖြင့် အောက်ပါလုပ်ပိုင်ခွင့်ကို ပေးအပ်လုပ်ကိုင်လေ့ရှိကြသည်။

- လူမျိုးတုံးသတ်ဖြတ်မှု၊ လူသားမျိုးနွယ်စုအားဆန့်ကျင်သည့်ရာဇဝတ်မှုများ၊ တရားဥပဒေမဲ့ သတ်ဖြတ်မှုများ၊ ညှဉ်းပန်းနှိပ်စက်မှု နှင့် အင်အားသုံး အစဖျောက်ခြင်းများတွင် ပါဝင် ပတ်သက်သည်ဟု စွပ်စွဲခံထားရသူ လူပုဂ္ဂိုလ်များအား စုံစမ်းစစ်ဆေးရန်၊ နှင့်
- ထိုပြစ်မှုများအတွက် ဆိုင်ရာလူပုဂ္ဂိုလ်များကို ၎င်းတို့နိုင်ငံ၏တရားရုံးများတွင် တရားစွဲဆိုရန်။

ထိုအပြည်ပြည်ဆိုင်ရာစီရင်ပိုင်ခွင့်ကို ကျင့်သုံးသောနိုင်ငံများသည် ထိုစွပ်စွဲခံထားရသော ပုဂ္ဂိုလ်များ ၎င်းတို့၏နယ်မြေများအတွင်း ခရီးသွားလာမှုများ ပြုလုပ်လာသည့်အချိန်တွင် အရေးယူဆောင်ရွက်လေ့ရှိကြသည်။ ဤအခြေအနေက ဆိုလိုသည်မှာ အပြည်ပြည်ဆိုင်ရာစီရင်ပိုင်ခွင့်ဖြင့် တရားစီရင်ခြင်းခံရသူများသည် အဆင့်နိမ့်ဝန်ထမ်းများဖြစ်ပြီး အမိန့်ပေးနိုင်သောတာဝန်မရှိကြသူများသာ အဖြစ်များပါသည်။ (စစ်ရာဇဝတ်မှုကျူးလွန်သည်ဟု စွပ်စွဲခံထားရသော အထက်အဆင့်အရာရှိများသည် ခရီးသွားခဲသောကြောင့် ဖြစ်သည်။) သို့သော်လည်း ချွင်းချက်အခြေအနေအချို့ ရှိနေပါသည်။

ရဲများနှင့် တရားစွဲအရာရှိများသည် ယေဘူယျအားဖြင့် အပြည်ပြည်ဆိုင်ရာစီရင်ပိုင်ခွင့်အပေါ် အခြေခံ၍ ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန် သို့မဟုတ် တရားစွဲဆိုရန် ဝန်လေးတတ်ကြပြီး ၎င်းတို့ ဆောင်ရွက်သော အခြေအနေအများစုမှာ သံသယရှိသူ၏ သက်ဆိုင်ရာနိုင်ငံ သို့မဟုတ် (ဘင်္ဂလားဒေ့ရှ်နိုင်ငံကဲ့သို့) နယ်နမိတ်အရ ရာဇဝတ်မှုနှင့်ပတ်သက်နေသည့်နိုင်ငံမှ ထိရောက်သော အရေးယူမှုတစ်ခုခု မရှိဟု ရှင်းလင်းထင်ရှားတော့မှသာ လုပ်ဆောင်ခြင်းဖြစ်ပါသည်။[15] ဥပမာအားဖြင့် ဖွန်လတွင် ဂျာမဏီနိုင်ငံ၏ တရားစွဲအရာရှိချုပ်မှ ဆီးရီးယား လေတပ်ဦးစီးချုပ် Mr. Jamil Hassan ကို လူသတ် ညှဉ်းပန်းနှိပ်စက်မှု အစီအစဉ်တစ်ရပ်ကို

[15] "Universal Jurisdiction: Strengthening this Essential Tool of International Justice," *Amnesty International,* October 2012 https://www.amnesty.org/download/Documents/24000/ior530202012en.pdf.

အကောင်အထည်ဖော်လုပ်ဆောင်သည့် စွဲချက်များဖြင့် ဖမ်းဝရမ်းထုတ်ကြောင်း ကြေညာခဲ့ပါသည်။[16] ကျူးလွန်ခံရသူ ဆီးရီးယားအုပ်စုများ၏ မနားမနေတိုက်တွန်းကြိုးပမ်းမှုကြောင့် နှစ်ပေါင်းများစွာအကြာတွင်မှ Hassan ကိုဖမ်းရန် ထိုဖမ်းဝရမ်းကို ထုတ်ပြန်နိုင်ခဲ့သော်လည်း ရာဇဝတ်မှုဖြစ်ပွားချိန်တွင် Hassan သည် ဆီးရီးယားနိုင်ငံတွင်း၌ရှိနေသည့်အပြင် ယခုအချိန်ထိလည်း အဖမ်းခံရခြင်းမရှိဘဲ နိုင်ငံတွင်း၌ ရှိနေဆဲသာ ဖြစ်သည်။ ထို့ကြောင့် အပြည်ပြည်ဆိုင်ရာစီရင်ပိုင်ခွင့်ကို အဓိကထား စည်းရုံးလှုံ့ဆော်ခြင်း အထူးသဖြင့် ဥရောပတွင်ကြိုးပမ်းခြင်းသည် အကျိုးပေါ်ထွန်းနိုင်မည့်လမ်းကြောင်းတစ်ခု ဖြစ်နိုင်ပါလိမ့်မည်။

အပြည်ပြည်ဆိုင်ရာစီရင်ပိုင်ခွင့်၏ အခြေခံသဘောတရားသည် နိုင်ငံများအနေဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အပြန်အလှန်ကူညီထောက်ပံ့ခြင်းတို့အား လုပ်ဆောင်လိမ့်မည်ဟူသော အုတ်မြစ်ပေါ်တွင် အခြေတည်ထားခြင်းဖြစ်ပါသည်။ ပြစ်ဒဏ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်နေမှုကို လျော့ချနိုင်ရန်အတွက် နိုင်ငံတကာ ရာဇဝတ်မှုများအား လွှဲပြောင်းပေးရန် သို့မဟုတ် စစ်ဆေးအရေးယူရန် ("*aut dedere aut judicare*") နိုင်ငံတကာဥပဒေများနှင့် နိုင်ငံတကာစာချုပ်များတွင် တာဝန်တစ်ရပ်ရှိနေပါသည်။ နိုင်ငံတစ်နိုင်ငံအတွက် အပြည်ပြည်ဆိုင်ရာစီရင်ပိုင်ခွင့်ကို ကျင့်သုံးနိုင်ရေးတွင် အကြီးမားဆုံးအတားအဆီးမှာ သံသယရှိသူများကို လွှဲပြောင်းပေးခြင်းအား ဥပဒေအတိုင်း လိုက်နာကျင့်သုံးဆောင်ရွက်မှုပင်ဖြစ်သည်။ လက်တွေ့တွင် နိုင်ငံတစ်နိုင်ငံအနေဖြင့် ၎င်း၏စီရင်ပိုင်ခွင့်အတွင်း ကျူးလွန်သူတရားခံ ရှိနေရန်လိုအပ်ပြီး ပြည့်စုံမျှတသော စုံစမ်းစစ်ဆေးမှုနှင့် ရုံးတင်စစ်ဆေးခြင်းကို ပြုလုပ်နိုင်ရန်အတွက် ရာဇဝတ်မှုများဖြစ်ပွားခဲ့ရာနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှု လိုအပ်ပါသည်။ ဤအချက်မှာ ယနေ့အထိ ဆီးရီးယားတွင်ရှိနေကာ တရားစွဲဆိုခံရခြင်းမှ လွတ်ကင်းနေသော်လည်း အပြည်ပြည်ဆိုင်ရာရဲတပ်ဖွဲ့ Interpol ၏ အနီရောင်သတိပေးချက်ကြောင့် လုံခြုံစွာ ခရီးသွားနိုင်ခြင်းမရှိသည့် Jamil Hassan ၏ လက်ရှိအနေအထားက ထင်ဟပ်နေပါသည်။[17] သို့ဖြစ်၍ တရားမျှတမှုကို ရှာဖွေရာ၌ နိုင်ငံရေးအတားအဆီးများ ရှိနေပါသည်။

### (vii) ***တရားမျှတမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာတရားရုံး (International Court of Justice - ICJ)***

ICJ သည် ကုလသမဂ္ဂ၏ အခြေခံတရားရေးရာ အစိတ်အပိုင်းဖြစ်သည်။ အခြား တရားရုံး၊ ခုံရုံးများနှင့် ကွဲပြားကာ လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအတွက် မဟုတ်ဘဲ နိုင်ငံများနှင့်ပတ်သက်သော သဘောထားအမြင်များကိုသာ ၎င်းအနေဖြင့် ထုတ်ပြန်သည်။ ICJ အား ပေးထားသောလုပ်ပိုင်ခွင့်များမှာ -

- ကုလသမဂ္ဂအဖွဲ့ဝင် **နိုင်ငံအချင်းချင်းကြား အငြင်းပွားမှုများကို ဥပဒေကြောင်းအရ ဖြေရှင်းပေးခြင်း (အငြင်းပွားမှုများကို ကြားနာခြင်း)** (မြန်မာနိုင်ငံကိစ္စဖြစ်လျှင် မြန်မာနိုင်ငံမှ ပါဝင်ရန် သဘောတူရမည်။)
- လုပ်ပိုင်ခွင့်ပေးထားသော ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အထူးပြု အေဂျင်စီများအား **အကြံပေးချက် အမြင်သဘောထားများ ထုတ်ပေးခြင်း** (စည်းနှောင်မှု မရှိပါ။)။

[16] Louisa Loveluck, "Germany seeks arrest of leading Syrian general on war crimes charges," *The Washington Post,* 8 June, 2018. https://www.washingtonpost.com/world/germany-seeks-arrest-of-leading-syrian-general-on-war-crimes-charges/2018/06/08/2fa025d0-6b21-11e8-a335-c4503d041eaf_story.html?noredirect=on&utm_term=.54d09bf86355

[17] "Jamil Hassan and the Challenges of Universal Jurisdiction," *Syria Justice and Accountability Centre,* 15 June 2018. https://syriaaccountability.org/updates/2018/06/15/jamil-hassan-and-the-challenges-of-universal-jurisdiction/

ICJ ကို ကုလသမဂ္ဂအထွေထွေညီလာခံနှင့် လုံခြုံရေးကောင်စီတို့မှ ရွေးချယ်ခန့်အပ်သော တရားသူကြီး ၁၅ ဦးပါသည့် ကိုးနှစ်သက်တမ်းရှိ အဖွဲ့ဖြင့်ဖွဲ့စည်းထားပါသည်။ ထိုတရားရုံးကို နယ်သာလန်နိုင်ငံ ဟိဂ်မြို့ရှိ ငြိမ်းချမ်းရေးနန်းတော် (Peace Palace) တွင် ဖွင့်လှစ်ထားရှိပါသည်။

အငြင်းပွားနေသောအမှုများကို နိုင်ငံများကသာလျှင် ICJ သို့ သယ်ဆောင်လာခွင့်ရှိပါသည်။ မြန်မာနိုင်ငံနှင့်ပတ်သက်သည့် အမှုတစ်ခု ICJ သို့ ရောက်ရှိနိုင်သည့်နည်းလမ်း ၂ ခုရှိပါသည်။ ၎င်းတို့မှာ - (က) စစ်ပွဲဆိုင်ရာဥပဒေများကို မြန်မာနိုင်ငံမှ ချိုးဖောက်နေသည့်အတွက် "အငြင်းပွားမှုကြားနာခြင်း" သို့မဟုတ် တရားစွဲဆိုခြင်းအတွက် လိုအပ်သောနည်းလမ်းများကို နိုင်ငံ ၃၈ ကျော်မှ လက်မှတ်ရေးထိုးဆောင်ရွက်ခြင်း၊ နှင့် (ခ) မြန်မာနိုင်ငံနှင့်သက်ဆိုင်သည့် "ဥပဒေကြောင်းဆိုင်ရာ မေးခွန်းတစ်ရပ်ရပ်" အတွက် အများစု ဆုံးဖြတ်ချက်ဖြင့် ကုလသမဂ္ဂအထွေထွေညီလာခံမှ သဘောထား အကြံပြုချက်တစ်ရပ်အား ICJ ထံသို့ ပေးပို့ တောင်းခံခြင်းတို့ ဖြစ်ပါသည်။

ICJ ၏ အငြင်းပွားမှုကြားနာခြင်းများမှာ စည်းနှောင်မှုရှိသော်လည်း တရားရုံး၏ ဆုံးဖြတ်ချက်များကို လိုက်နာရန် သဘောတူထားသော နိုင်ငံများအပေါ်တွင်သာ ကျင့်သုံးနိုင်ပါသည်။ အငြင်းပွားမှု ကြားနာခြင်းများနှင့်ကွဲလွဲကာ အကြံပြုချက်အမြင်သဘောထားများမှာ စည်းနှောင်မှုမရှိသော်လည်း ၎င်းတို့သည် ပြယုဂ်အားဖြင့် ဩဇာရှိသလို ကျယ်ကျယ်ပြန့်ပြန့်လည်း လေးစားမှုထားကြပါသည်။ ထိုနည်းလမ်းနှစ်ခုမှာ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရာဇဝတ်ကြောင်းအရ တရားစွဲဆိုရန်အခြေအနေကို ဖန်တီးမပေးနိုင်ပါ။

## ရှေ့ပြေးအသံအဖွဲ့


info@progressive-voice.org www.

progressivevoicemyanmar.org


ရှေ့ပြေးအသံအဖွဲ့သည် အရပ်ဘက် လူထုအသိုင်းအဝိုင်းအား အခြေပြုကာ လူထု ပူးပေါင်းပါဝင်မှုနှင့် အခွင့်အရေးကို အခြေခံသော မူဝါဒဆိုင်ရာ သုတေသနနှင့် စည်းရုံး လှုံ့ဆော်ရေးအဖွဲ့တစ်ခု ဖြစ်ပါသည်။ ရှေ့ပြေးအသံအဖွဲ့မှ အောက်ခြေလူထုတို့၏ အသံများအား မြှင့်တင်ပေးကာ လူ့အခွင့်အရေးအခြေခံသည့် မူဝါဒများ ပေါ်ထွန်း လာရေးအတွက် စည်းရုံးလှုံ့ဆော်ခြင်းဖြင့် ရပ်ရွာလူထုအသိုင်းအဝိုင်းနှင့် နိုင်ငံအဆင့်နှင့် နိုင်ငံတကာ မူဝါဒရေးဆွဲချမှတ်သူများအကြား ပေါင်းကူးသဖွယ် ဆောင်ရွက်ပါသည်။